ရှမ်းပြည်နယ်လွှတ်တော်

လွှတ်တော်သတင်းလွှာ

*Shan State Hluttaw Bulletin*



၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ( ၈ )ရက်၊ ၂၀. ၃. ၂၀၁၇၊ အတွဲ(၁)၊ အမှတ်(၆)

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကို(၅. ၁. ၂၀၁၇)ရက်နေ့မှ (၉. ၁. ၂၀၁၇) ရက်နေ့အထိ စုစုပေါင်း(၃)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁၇)ဦးတို့ တက်ရောက်ခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် လွှတ်တော်အစည်းအဝေးအား ကြီးကြပ်ဆောင်ရွက်နေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူးမှ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားနေစဉ်



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း အစည်းအဝေး တက်ရောက်နေစဉ်

ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား တင်သွင်းခြင်း၊ ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ(မူကြမ်း)အား တင်သွင်းခြင်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း၊အဆို(၁)ခု တင်သွင်းခြင်းအပေါ် ပြည်နယ်



ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဖြေကြားခြင်းနှင့် အတည်ပြုခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကား ပြောကြား

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးသို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်လာကြတဲ့အတွက် ဝမ်းမြောက်ပါကြောင်းနဲ့ ၂၀၁၇ ခုနှစ်၊ နှစ်ဦးပိုင်းမှစ၍ လူသစ် စိတ်သစ်၊ အင်အားအသစ်ဖြင့် ပြည်သူ့အကျိုးနှင့် ပြည်နယ် အကျိုးကို စေတနာမှန်မှန်ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက် နိုင်ကြပါစေရယ်လို့ နှစ်သစ်အခါသမယမှာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ကျန်းမာရွှင်လန်းစွာဖြင့် ဒီလွှတ်တော်အစည်းအဝေးကြီးမှာ အချင်းချင်း လေးလေးစားစား၊ ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်ကြပြီး ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ ဆန္ဒ နှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖြည့် ဆည်း ဖော်ဆောင်နိုင်ကြပါစေရယ်လို့ ဖော်ပြပါတယ်။

ဒီပုံမှန်အစည်းအဝေးမှာ အဓိကအားဖြင့်ရှမ်းပြည်နယ် အစိုးရအဖွဲ့က ၂၀၁၆ -၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဒီလွှတ်တော်အစည်းအဝေးမှာ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားဖို့ ရှိပါတယ်။ ဆိုလိုတာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အရ/အသုံးငွေစာရင်းကို ဘဏ္ဍာ ရေး ကော်မရှင်သို့ တင်ပြ၍ ပြည်ထောင်စုလွှတ်တော်က သဘောတူပြီးဖြစ်သောငွေစာရင်းကိုရှမ်းပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေ အပြင်၊ ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေများကို အမှန်တကယ် သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့် အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်း ကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း သို့မဟုတ် လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင် ပြောင်းလဲသွားသည့် ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော် ကိုယ်စားလှယ်များထံ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရသုံး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ ဒေသန္တရစီမံကိန်း ရေးဆွဲခြင်း နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေရေးဆွဲခြင်း ကိစ္စရပ်များ အား နှစ်စဉ်ပြဋ္ဌာန်းပေးရတာ ဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်မှာဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ

ဘဏ္ဍာငွေစာရင်း၊ စီမံကိန်းနှင့် အခွန်ကိစ္စများကို တင်သွင်းနိုင်သလို ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင်လည်းပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းရတာ ဖြစ်ပါတယ်။ တင်သွင်းလာသည့် ငွေစာရင်းများကို လွှတ်တော်မှာ အတည်ပြုပြီးပါက ဥပဒေဖြစ်မှာဖြစ်တဲ့အတွက် ၄င်းကိစ္စကို မတင်မီကြိုတင် အကျေအလည် ညှိနှိုင်းထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အစိုးရအဖွဲ့က ဘဏ္ဍာငွေများကို ပြည့်ပြည့်စုံစုံပြုစုတင်ပြဖို့ လိုသလို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဒီငွေစာရင်းများကို ပိုင်ပိုင်နိုင်နိုင် သိမှသာလျှင် လိုသလို ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်နယ်အဆင့်မှာဆိုလျှင် ပြည်နယ်အစိုးရအဖွဲ့ဝင်များကလည်း လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့အတွက် အကျေအလည် ညှိနှိုင်းပြီး အမှန်တကယ်လိုအပ်တဲ့နေရာမှာ မှန်ကန်တဲ့ ခွဲဝေသုံးစွဲမှုဖြစ်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒီအစည်းအဝေးကာလမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ အနက် ဒီဇင်ဘာလ (၂၆) ရက်နေ့ထိ လက်ခံရရှိတဲ့ မေးခွန်းပေါင်းဟာ (၃၃) ခုရှိပါတယ်။ အဆို (၁)ခု ဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ နိုင်ငံသားနှင့် ပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများ၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများဖြစ်ဖို့ လိုသလို ပြည်သူများက လက်တွေ့လိုက်နာနိုင်ဖို့ ဥပဒေများလည်းဖြစ်ဖို့ လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် ပြီးတော့မှ ပါတီအဖွဲ့အစည်း တစ်ခုအတွက် သို့မဟုတ် အစိုးရအဖွဲ့အတွက် မဟုတ်ဘဲ ရှမ်းပြည်နယ်မှာဆိုလျှင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် ပြဋ္ဌာန်းတဲ့ ဥပဒေဘဲဖြစ်ဖို့ လိုအပ်ပါတယ်။ လွှတ်တော်က ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးပါက ဒီဥပဒေကို ကျင့်သုံးရမည့် ဝန်ကြီးဌာန သို့မဟုတ် ပြည်နယ်မှာဆိုလျှင် ပြည်နယ်အစိုးရအဖွဲ့က နည်းဥပဒေများ ရေးဆွဲပေးရမှာ ဖြစ်ပြီး ယင်းဥပဒေများ ထွက်မလာပါက ဒီဥပဒေသည် အသက်ဝင်ခြင်း မရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီအခွင့်အရေးများမှရသော တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးကိစ္စဟာ လွှတ်တော်အတွက် အရေးကြီးပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရတဲ့ မဏ္ဍိုင်ကြီး(၃)ရပ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရာမှာ မဏ္ဍိုင် (၃) ခုဟာ တစ်ခုနှင့် တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ အပြန်အလှန် ထိန်းကျောင်းရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိလွှတ်တော်အတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး မိမိတို့ အချင်းချင်းကြားမှာ မိမိတို့ လေ့လာအားနဲ့ ထွက်ပေါ်လာတဲ့ အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပြည်နယ်အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေရယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။



ပြည်နယ်တရားသူကြီးချုပ် ဧည့်သည်တော်အနေဖြင့် အစည်းအဝေး တက်ရောက်နေစဉ်



ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့ ဧည့်သည်တော်များအနေဖြင့် အစည်းအဝေးတက်ရောက်နေစဉ်

## ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား တင်သွင်းအတည်ပြုခြင်းဆောင်ရွက်



ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီးမှ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ပထမနေ့) (၅. ၁. ၂၀၁၇) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းတင်သွင်းမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ ဘဏ္ဍာရေးဝန်ကြီး တင်သွင်းသော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (တတိယနေ့) (၉-၁-၂၀၁၇) ရက်နေ့တွင် မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်



မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဆွေးနွေးနေစဉ်

(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ ဆွေးနွေးမှုအပေါ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်၏ ဆန္ဒသဘောထားရယူကာ အတည်ပြုခဲ့ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း) တင်သွင်းခြင်း ဆောင်ရွက်



ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း)အား တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ပထမနေ့) (၅. ၁. ၂၀၁၇) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေ (မူကြမ်း)အား စိစစ်နိုင်ရန်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း၊ ကော်မတီမှ စိစစ်ပြီး အနီးကပ်ဆုံး ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာ ဖတ်ကြားတင်သွင်းသွားမည်ဖြစ်ကြောင်းနှင့် ၎င်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးရန်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ (၆-၂-၂၀၁၇)ရက်နေ့အရောက် ပေးပို့ကြရန် ကြေညာပါသည်။

**ဒီမိုကရေစီ ဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အဆိုတင်သွင်း



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း အဆို တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ပထမနေ့) (၅. ၁. ၂၀၁၇)ရက်နေ့တွင် မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ “ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေ များပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆို



ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေရီရှို့ အဆိုအား ဆွေးနွေးနေစဉ်

တင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်” အဆိုအား တင်သွင်းရာ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို့မှ ထောက်ခံခဲ့ပါသည်။ ယင်းအဆို တင်သွင်းမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း တင်သွင်းသော အဆိုအား စတုတ္ထပုံမှန် အစည်းအဝေး (ဒုတိယနေ့) (၆. ၁. ၂၀၁၇)ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်နှင့် မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းတို့ကဆွေးနွေး




ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် အဆိုအား ဆွေးနွေးနေစဉ်



မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်း အဆိုအား ဆွေးနွေးနေစဉ်

ကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြည်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း တင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန်အတွက်

ဆန္ဒသဘောထား ရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူညီသည့်အတွက် အဆိုအား လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင် အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း စာရင်းစစ်ချုပ် အစီရင်ခံစာ တင်ပြခြင်း ဆောင်ရွက်



ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း စာရင်းစစ်ချုပ် အစီရင်ခံစာအား တင်ပြနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၆. ၁. ၂၀၁၇) ရက်နေ့တွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းမှ စာရင်းစစ်ချုပ် အစီရင်ခံစာအား ပြည်နယ်လွှတ်တော်သို့ တင်ပြခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြသည့် စာရင်းစစ်ချုပ် အစီရင်ခံစာအား မှတ်တမ်းတင်ရန်အတွက် လွှတ်တော်၏ ဆန္ဒသဘောထား ရယူရာ ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာခဲ့ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှု အခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(၅. ၁. ၂၀၁၇)ရက်နေ့မှ (၉. . ၂၀၁၇) ရက်နေ့အတွင်း အစည်းအဝေး(၃)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ နေ့ရက်အလိုက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ရက်စွဲ | မေးခွန်း မေးမြန်းမှု | ဖြေကြားမှု |
|---|---|---|---|
| ၁ | ၅-၁-၂၀၁၇ | ၁၂ | ၁၂ |
| ၂ | ၆-၁-၂၀၁၇ | ၁၁ | ၁၁ |
| ၃ | ၉-၁-၂၀၁၇ | ၁၀ | ၁၀ |
| စုစုပေါင်း | | ၃၃ | ၃၃ |




ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေစဉ်

**ပြည်သူ့အသံ လွှတ်တော်အသံ**
**ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ**
**ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်**

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation




**ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ စတုတ္ထပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြ**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၁၇) ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း(၃၃)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို စတုတ္ထပုံမှန် အစည်းအဝေးကာလမှာ ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၈ )ခုကို ဖြေကြားပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ပြန်လည်ပေးပို့နိုင်ခဲ့ပါတယ်။

အဆိုနှင့် ဥပဒေကြမ်းကဏ္ဍမှာ အဆိုတစ်ခုနှင့် ၂၀၁၆-၂၀၁၇ခု ၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ခုကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ အတည်ပြု ပြဋ္ဌာန်းပေးလိုက်သည့် ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေကို လိုအပ်သလို ပြန်လည် ပြုပြင်ရေးဆွဲပြီး ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေမူကြမ်းကို လွှတ်တော်သို့ ထပ်မံ တင်သွင်းခြင်းနှင့် အစီရင်ခံစာအနေနဲ့ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်း တင်ပြနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေမူကြမ်းကို ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်ပြီး အနီးကပ်ဆုံးကျင်းပမည့် လွှတ်တော်အစည်းအဝေးမှာ တွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးလိုသည့် အချက်အလက်များကို လွှတ်တော်ရုံးသို့ ဖေဖော်ဝါရီလ(၆)ရက်နေ့ နောက်ဆုံးထားပြီး အရောက်ပေးပို့ကြဖို့ ထပ်လောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီ (၉)ခုနှင့် ပြည်သူများထံမှ တင်ပြစာများ၊ အကူအညီတောင်းခံစာများကို များစွာလက်ခံရရှိသော ကော်မတီများမှာ တောင်သူလယ်သမား အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၊ တိုင်ကြားစာများ စိစစ်ရေး ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီတို့ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ တစ်ခါတစ်ရံ စာ(၁)စောင်ထဲကို ကော်မတီ အားလုံးသို့ လိပ်မူပြီး တိုင်ကြားထားတာလည်း တွေ့ရှိရပါတယ်။

တိုင်ကြားချက်များအားလုံးကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပါဘူး။

တိုင်ကြားစာပါ အချက်အလက်များကို လေ့လာ၍ မဖြစ်မနေ ဆောင်ရွက်ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် (သို့မဟုတ်) မှတ်တမ်းတင်ထားပြီး နောင်မှဆောင်ရွက်ရန် အဆင့်ဆိုပြီး ခွဲခြားထားသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ လိုအပ်ချက်အရ တိုင်ကြားစာနှင့် ၄င်းပတ်ဝန်းကျင်ထံသို့ ကွင်းဆင်းဆောင်ရွက်ရမည့် အနေအထားမျိုးလည်း ရှိပါတယ်။ ကော်မတီဝင် များအနေနဲ့ ကွင်းဆင်းဆောင်ရွက်သည့်အခါ သက်ဆိုင်ရာဒေသရှိ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အထူးလိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိမဲဆန္ဒနယ်သို့ ကွင်းဆင်းဆောင်ရွက်သည့် ကော်မတီများကို ဒေသခံလွှတ်တော် ကိုယ်စားလှယ်များက အပြည့်အဝ အကူအညီပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ကွင်းဆင်း ဆောင်ရွက်သည့် ကော်မတီဝင်များ အနေဖြင့်ဆိုလျှင် ၄င်းဒေသမှာ ရှိတဲ့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှုကို ရယူတဲ့အခါမှာ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမဲ့ အပြုအမူ၊ အပြောအဆိုမျိုးကို ရှောင်ရှားဖို့နှင့် မိမိတို့နှင့်ထိတွေ့ ဆက်ဆံရမည့် ပြည်သူလူထုများ၏ ယုံကြည်အားကိုးမှုကိုလည်းပဲ အတတ်နိုင်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။






အနေနဲ့ သုံးသပ်မိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စိတ်ဓါတ်ကောင်းမွန်မှန်ကန်ရေး၊ အရည်အချင်းရှိအောင် တည်ဆောက်ကြရေးနှင့် ဒီမိုကရေစီ ကျင့်စဉ်များကို စနစ်တကျ ကျင့်သုံးဆောင်ရွက်ရေးတို့ဖြင့် ပြည်သူတို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရင်း ယနေ့ ပြည်သူများ လိုအပ်နေသည့်၊ မျှော်မှန်းနေသည့် ဖက်ဒရယ် ပြည်ထောင်စုစနစ် တည်ဆောက်ရေးသို့ ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## သတင်းမီဒီယာများ ခွင့်ပြုမှု အခြေအနေ

(၅-၁-၂၀၁၇)ရက်နေ့မှ (၉-၁-၂၀၁၇)ရက်နေ့အထိ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် သတင်းရယူနိုင်ရန်အတွက် သတင်းရယူခွင့် တင်ပြလာသော ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Southern Shan State Media Network၊ သျှမ်းသံတော်ဆင့်၊ Myanmar's Time၊ The People's Voice၊ Seven Day News၊ Eleven Media Group တို့အား သတင်းရယူခွင့် ပြုပေးခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ (၁)နှစ်ပြည့်တော့မှာ ဖြစ်ပြီး (၁)နှစ်တာကာလအတွင်းမှာ အစည်းအဝေး ပေါင်း(၅)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ အစည်းအဝေး စုစုပေါင်း(၅)ကြိမ် ကျင်းပရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွင်း ဆောင်ရွက်ချက်များဟာ ရှမ်းပြည်နယ်ရဲ့ ပုံရိပ်ကို ထိုက်သင့်သည့် အဆင့်အတန်း (၁)ခုသို့ ရောက်ရှိအောင် ဖော်ဆောင်နိုင်ခဲ့တယ်လို့ ကျွန်တော့

## မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း၏ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အဆိုတင်သွင်းမှု အပြည့်အစုံ




မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း အဆိုတင်သွင်းနေစဉ်

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်က တော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ် ခရိုင်၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ **“ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏ တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထု အကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်”** အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ အဆိုနှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့၏ ငါးအိုးကျေးရွာအုပ်စုဟာဆိုလျှင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မှာ တည်ရှိသော ကျေးရွာအုပ်စုတစ်ခု ဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စုမှာ ကျေးရွာခွဲ (၄)ရွာဖြင့် ဖွဲ့စည်းထားသော ကျေးရွာအုပ်စုတစ်ခုလည်းဖြစ်ပါတယ်။ ကျေးရွာအုပ်စု စတင်ဖွဲ့စည်းသည့် ကာလက လူဦးရေများပြားမှု မရှိသေးဘဲ တစ်ရွာနှင့်တစ်ရွာ တစ်ဆက်တည်း ရှိမနေခဲ့ပါ။ ယခုအခါ များပြားလာသော လူဦးရေကြောင့် ကျေးရွာတစ်ရွာနှင့် တစ်ရွာမှာလည်း တစ်ဆက်တည်း ရှိနေသည့် အခြေအနေသို့ ရောက်ရှိလာပါတယ်။ ၎င်းဒေသ၏ ဒေသခံပြည်သူလူထုများမှာ ဆိုရင်လည်း စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြတာဖြစ်ပါတယ်။ ၎င်းတို့၏ စိုက်ပျိုးရရှိသည့် ကောက်ပဲသီးနှံများကိုလည်း မြန်မာနိုင်ငံအရပ်ရပ်သို့ မန္တလေးမြို့မှ တစ်ဆင့် တင်ပို့ရာတွင်လည်း ငါးအိုးကျေးရွာအုပ်စုအား ကုန်စည်စုဆောင်းသိုလှောင်ရာ ဒေသတစ်ခု ဖြစ်ပေါ်လာပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း မန္တလေး-တကောင်း - ရွှေကူ - ဗန်းမော်မဟာဗျူဟာ လမ်းမကြီးပေါ်မှာ တည်ရှိနေတဲ့အတွက် အချက်အချာကျတဲ့ လမ်းပန်းကောင်းမွန်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ အလားတူဘဲ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံဖြစ်သော အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့လည်း ဗန်းမော်- လွယ်ကျယ်လမ်းမှတစ်ဆင့် သွားလာရေး လွယ်ကူတဲ့အတွက် ကုန်စည် စီးဆင်းမှုမှာလည်း အချက်အချာ ကျပါတယ်။ ၎င်းဒေသသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နဲ့ သုံးပွင့်ဆိုင်၊ တြိဂံနယ်မြေလည်း ဖြစ်နေတဲ့အတွက် မဘိမ်း၊ ငါးအိုးဒေသအတွင်းတွင်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်ဒေသတို့မှ ထွက်ကုန်များ ကိုလည်း စုဆောင်း သိုလှောင်ရာဒေသတစ်ခုဖြစ်နေတာကို ရှင်းလင်းတင်ပြရမှာ ဖြစ်ပါတယ်။

ပညာရေးအနေဖြင့်လည်း ငါးအိုးကျေးရွာအုပ်စုအတွင်းတွင် အထက်တန်းကျောင်း (၁) ကျောင်း၊ အလယ်တန်းကျောင်း (၇) ကျောင်း၊ မူလတန်းကျောင်း (၂) ကျောင်းနှင့် ကျောင်းသား/ကျောင်းသူ (၃၃၄၅)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကျန်းမာရေးအနေဖြင့်လည်း (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံ (၁) ရုံတွင် ဆရာဝန် (၁) ဦး၊ ကျန်းမာရေးဆရာမ(၆) ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးလျက်ရှိပါတယ်။ ဘာသာရေးအနေဖြင့်လည်း ဒေသခံအားလုံးသည် ဗုဒ္ဓဘာသာများ ဖြစ်ကြသည့်အတွက် ဘုန်းတော်ကြီးကျောင်း(၅)ကျောင်းတွင်သာသနာပြုလုပ်ငန်းများကို အေးချမ်းသာယာစွာ ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ တည်ငြိမ်အေးချမ်းရေးအနေဖြင့်လည်း ခလရ (၁၂၂) တပ်ရင်း (၁ )ရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကင်း (၁) ခုတို့ဖြင့် နယ်မြေအေးချမ်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်နေသည့် မန္တလေးမြို့သို့ အလွယ်တကူ သွားလာနိုင်

ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့သို့လည်း (၁၂) မိုင်သာဝေးတဲ့အတွက် အလွယ်တကူသွားရောက်နိုင်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အချက်အချာကြသော ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ ယနေ့ကာလမှာ တိုးတက်လာပြီး လူဦးရေများပြားလာသည့် အတွက်ကြောင့် မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ် ပေးမည် ဆိုလျှင် ဒေသခံများအတွက် အကျိုးရှိလာမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှိုင်းယှဉ်ဇယား နှင့် တင်ပြသွားမှာဖြစ်ပါတယ်။ လူဦးရေ (၈၇၀၂) ဦး၊ အိမ်ခြေ (၁၁၄၁) အိမ်၊ ဈေးဧက (၂. ၂၀) ဧက၊ ဘောလုံးကွင်း(၃. ၇၄၇)ဧက၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်း (၅) ကျောင်း၊ ဆေးရုံ (၁၆) ခုတင်ဆံ့ဆေးရုံ(၁)ရုံ၊ အုပ်ချုပ်ရေးရုံး (၁)ရုံး၊ စာကြည့်တိုက် (၅)လုံး၊ မူလတန်းကျောင်း(၇) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ အထက်တန်းကျောင်း (၁) ကျောင်း၊ လျှပ်စစ်ရရှိမှု ထရန်စဖော်မာ (၃) လုံးဖြင့် လျှပ်စစ်သုံးစွဲမှု (၇၅) ရာခိုင်နှုန်း၊ ဆက်သွယ်ရေးရုံး၊ စာတိုက်၊ ဆက်သွယ်ရေးတာဝါတိုင် (၂) တိုင်၊ စာတိုက်(၁)လုံး၊ လမ်းဦးစီးဌာန၊ စည်ပင်လမ်းနှင့် ကတ္တရာလမ်း ကျောက်ချောလမ်းကို မန္တလေး - ဗန်းမော်လမ်းမကြီး သည် မြို့တွင်းသို့ ဖြတ်သန်းသွားသဖြင့် ကတ္တရာလမ်း (၁)မိုင်၊ ငါးအိုး-မဘိမ်းလမ်း ကတ္တရာလမ်း(၁)မိုင်(ပဆင)တို့ ရှိပါတယ်။

သောက်သုံး ရေဖြန့်ဝေမှုတွင်လည်း ရေတွင်း (၁၂၀၀)၊ ရွှေလီမြစ်အတွင်းမှာ(၂၄၁)တွင်း၊ တိုးတက်လာမည့် လူဦးရေ အတွက် တိုးချဲ့မြေ အတွက် အစီအမံကို မြို့၏ အနောက်ဘက်တွင် ဧက(၁၂၀၀)၊ မြို့၏မြောက်ဘက်တွင် ဧက (၂၀၀၀) တို့ဖြင့် မြေကွက်များ ရှိပါတယ်။ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ စီးပွားရေးလုပ်ပိုင်ခွင့် အခွင့်အလမ်းများ၊ အလုပ်အကိုင်ရရှိမှု အတွက်လည်း စိုက်ပျိုးရေး၊ စပါးဧက(၈၂၈) ဧက၊ ယာမြေဧက (၇၈၃ ) ဧက၊ ကိုင်းကျွန်း (၁၁၃) ဧက၊ ဥယျာဉ်ခြံမြေ (၆၅၅) ဧက၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်လျာထားမှု အခြေအနေ၊ ကားဂိတ် (၈)ဂိတ် ကားကြီးကွင်း ရှိပါတယ်။ တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ မိသားစုတစ်နိုင်တစ်ပိုင် ကြက်၊ ဝက်၊ ဘဲ မွေးမြူ ရေးလုပ်ငန်း၊ မိသားစုထိန်းကျောင်းမှု ကျွဲနွား (၁၅၀၀)၊ ကျွဲ (၅၀၀)၊ အမှိုက်သရိုက် စွန့်ပစ်ရန်မြေဧက (၄. ၁၀) ဧက၊ သင်္ချိုင်း မြေဧကအတွက် သင်္ချိုင်း (၅) ခု မြေနေရာကို ဧက (၂၀ )ထားရှိပါတယ်။

ကျွန်တော့်အဆိုနှင့်စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်း တင်ပြသွားပြီး ဖြစ်ပါတယ်။ ၎င်းကျေးရွာလူထု၏ ဆက်သွယ်ရေး သွားလာရေးအခြေအနေကို အနည်းငယ် တင်ပြမှာ ဖြစ်ပါတယ်။ နေ့စဉ် မန္တလေးသို့ ကုန်တင်ယာဉ် (၃) လိုင်း၊ ခရီးသည်တင် ယာဉ်ကြီး (၂) လိုင်း၊ ခရီးသည်တင်ယာဉ်ငယ် (၃)လိုင်း၊ နေ့စဉ်ပုံမှန်(၁)စီးကျ ပြေးဆွဲလျက်ရှိပါတယ်။ ရေကြောင်းခရီးဖြင့် သွားလာမှုတွင်လည်း မဘိမ်း - ငါးအိုး ခရီးသည်တင် (၁) လိုင်း၊ ငါးအိုး- ကသာ (၁) လိုင်း၊ အင်းကြီး -ငါးအိုး-ကသာ (၁) လိုင်းတို့ဖြင့် နေ့စဉ် (၁) စီးကျ ပြေးဆွဲလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးတို့၏ အဖက်ဖက်မှ ပြည့်စုံကောင်းမွန်လျက်ရှိသော ဒေသတွင် ကျေးရွာအုပ်စုအဖြစ်မှ မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးမည်ဆိုပါလျှင် ဒေသခံတို့အတွက် များစွာ အကျိုးရှိလာမှာဖြစ်သည့်အတွက်ကြောင့် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ အဆင့်မြှင့် သတ်မှတ်ပေးပါရန် အဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း တင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးချက်များ

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ အဆို တင်သွင်းထားသည့် မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား ကျေးရွာအုပ်စုအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးရေးနှင့် စပ်လျဉ်းသော အဆိုအား ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ အဆိုအား ပြန်လည်ရှင်းလင်းဆွေးနွေးနေစဉ်

ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက်ပြီး တင်ပြရမှာ ဖြစ်ပါတယ်။ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ လက်စွဲဥပဒေအရ မြို့အဖြစ် အဆင့်တိုးမြှင့်ပေးမည်ဆိုပါက လူဦးရေအနည်းဆုံး (၅၀၀၀) ဦးဖြစ်ရမှာဖြစ်ပြီး အိမ်ခြေ အနည်းဆုံး (၁၀၀၀) ပါရှိရမှာဖြစ်ပါတယ်။ ၎င်းအပြင် ဈေး၊ ဘောလုံးကွင်း၊ ကလေးအပန်းဖြေဥယျာဉ်၊ ကစားကွင်း၊ (၁၆) ခုတင်ဆံ့ ဆေးရုံ၊ သာသနာဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက်စသည်ဖြင့် ပါရှိရမှာ ဖြစ်ပါတယ်။

နောက်ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးရုံး၊ စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေး အိတ်ချိန်းရုံး၊ စာတိုက်စသည်တို့ကိုလည်း ကြည့်ရှုစစ်ဆေးရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ပဆငလမ်း၊ စည်ပင်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေး အစီအမံများလည်း စီမံဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် စနစ်တကျနေရာချထားမှုလည်းရှိရမှာ ဖြစ်ပါတယ်။ တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေအနေအထား၊ မိလ္လာစွန့်ပစ်ရန် နေရာတို့လည်းရှိရမှာဖြစ်ပြီး သင်္ချိုင်းမြေနေရာတို့လည်း သတ်မှတ်ထားရမှာ ဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စုအား မြို့အဖြစ်အဆင့်တိုးမြှင့် ဖွဲ့စည်းလိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်းတွေ့ရှိရပါတယ်။ ငါးအိုးကျေးရွာအုပ်စုသည် ပြည်ထဲရေး အမည်ပေါက် ကျေးရွာ(၅)ရွာ၊ ငါးအိုးကျေးရွာ အပါအဝင် နန်းနွဲ့၊ ဥယျာဉ်၊ ပြကျောင်း၊ ရွှေကျောင်းကုန်းကျေးရွာတို့ဖြင့် ဖွဲ့စည်းထားရာ လက်ရှိမြေပြင်တွင်လည်း ၎င်းကျေးရွာ (၅) ရွာရှိပြီး ငါးအိုးကျေးရွာ အုပ်စုတွင် အိမ်ခြေ (၁၁၄၁) အိမ်၊ လူဦးရေ စုစုပေါင်း (၈၇၀၂) ဦး ရှိပါတယ်။ ငါးအိုးကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးအရ မော်တော်ကားလမ်းအနေဖြင့် မန္တလေး-သပိတ်ကျင်း-ရွှေကူ-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး မဘိမ်းမြို့နယ်နှင့် (၅၈ )မိုင် ကွာဝေးပါတယ်။

အုပ်ချုပ်ရေး၊လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးနှင့် ငါးအိုးရဲကင်းတစ်ခု၊ ၎င်းအပြင် အမှတ် (၂၁၂) ခြေလျင် တပ်ရင်းရှိသဖြင့် တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေအေးချမ်းသာယာမှုရှိတာကို တွေ့ရှိရပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် အခြေခံ ပညာအထက်တန်းကျောင်း (၁) ကျောင်း၊ စာစစ်ဌာန၊ အခြေခံပညာအလယ်တန်းကျောင်း (၂) ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း(၇)ကျောင်း၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၁)ရုံ စသည်ဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတာကို တွေ့ရှိ ရပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသည့် ဈေးတစ်ခုရှိပါတယ်။ ငါးအိုးကျေးရွာအုပ်စုတွင် မီးလင်းရေးအတွက် ရွှေကူမြို့နယ်မှ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းထားပြီး ဆက်သွယ်ရေးအတွက် တာဝါတိုင် (၂) ခု ရှိကြောင်းကို တွေ့ရှိရပါတယ်။

ငါးအိုးကျေးရွာအုပ်စု၏ လက်ရှိအကျယ်အဝန်းသည် (၄၉၈၈၀) ဧကနှင့် (၇၇. ၉၄) စတုရန်းမိုင်ရှိပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြထားသည့် မြို့အင်္ဂါရပ်နှင့် နှိုင်းယှဉ်ပြဇယားတွင် ပါရှိသော လူဦးရေသည် ထူထပ်သောကြောင့် နောင်တိုးတက်မည့် လူဦးရေအတွက် မြို့တိုးချဲ့ရေး အစီအမံများကို ငါးအိုးကျေးရွာ၏ အနောက်ဘက်တွင် ဧက (၁၂၀၀) နှုန်း၊ မြောက်ဘက်တွင် ဧက (၂၀၀၀) နှုန်း ဖော်ပြထားသည့် မြေနေရာများသည် မဘိမ်းမြို့နယ်၏ ငါးအိုးသစ်တောကြိုးဝိုင်းအတွင်းတည်ရှိပြီး သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထားသော မြေနေရာများ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ငါးအိုးကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်မည်ဆိုပါက အဆိုပါမြေနေရာများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့် ရရှိမှသာ အမှုတွဲ တည်ဆောက်ရေးလုပ်ငန်းကို လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အထက်ပါ အချက်များအရ ငါးအိုးကျေးရွာအုပ်စုသည် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်သည်ကို စိစစ်တွေ့ရှိရပြီး မြို့အဖြစ် ဖွဲ့စည်းမည် ဆိုပါကလည်း ငါးအိုးမြို့အဖြစ် တိုးချဲ့ပါက အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများဖြစ်သည့် ခက်ငုံ၊ ငုံစင်း၊ ချောင်းဝကျေးရွာအုပ်စုများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကထက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မြို့အဖြစ် ဖွဲ့စည်း၍ တိုးတက်လာသော ဌာနများ၌ ဒေသခံ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်သော လုပ်ငန်းများ လျင်မြန် လွယ်ကူလာမှာ ဖြစ်ပါတယ်။ မြို့အဖြစ် ဖွဲ့စည်းခြင်းအားဖြင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိသောကြောင့် ဒေသဖွံ့ဖြိုးရေးကို တိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ ငါးအိုးကျေးရွာအုပ်စု၊ ငါးအိုးမြို့အဖြစ် အဆင့် တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားများနှင့်အတူ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲ ပြည့်စုံစွာ တည်ဆောက်ပြီး ခရိုင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အဆင့်ဆင့် တင်ပြရန် လိုအပ်ပါတယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေး အမှုတွဲ လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြပြီး ပြည်နယ်အစိုးရမှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲတို့နှင့်အတူ နိုင်ငံတော် သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ သို့ပါ၍ ၎င်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို တောင်ကြီးမြို့နယ်၊ တောင်ကြီးဂေါက်ကလပ်၌ (၇-၁-၂၀၁၇) ရက်နေ့ စနေနေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွန်းတို့ ဂေါက်သီးရိုက်ပြိုင်ပွဲသို့ရောက်ရှိစဉ်



လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွန်း အဖွင့်ဂေါက်သီးရိုက်ကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင် က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လောက်ကိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်များ အမှတ်တရ ဓာတ်ပုံရိုက်ကူးနေစဉ်

ကိုယ်စားလှယ် ဦးအောင်သန်းထွန်းက ပြိုင်ပွဲ၏အဖွင့် ဂေါက်သီးကို အမှတ်(၁)တီခုံမှ ရိုက်ကာ ဖွင့်လှစ်ပေးခဲ့ပါသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရပါသည်။



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမဆုကို တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုးသူထွန်းမှ လည်းကောင်း၊ ဒုတိယဆုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှလည်းကောင်း ရရှိခဲ့ကြပြီး၊ ဆုရရှိသူများအား ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညစာစားပွဲတွင် ဆုများပေးအပ် ချီးမြှင့်ခဲ့ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို တောင်ကြီးမြို့နယ်၊ မြို့တော်ခန်းမ၌ (၇-၁-၂၀၁၇) ရက်နေ့ စနေနေ့ညတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ တေးသံသာများဖြင့် ဖြေဖျော်နေစဉ်




တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တေးသံသာများဖြင့် ဖြေဖျော်နေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊



အမျိုးသမီးပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ
တေးသံသာများဖြင့် ဖြေဖျော်နေစဉ်

ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။



ပြည်နယ်ဝန်ကြီးချုပ်မှ ကံစမ်းမဲဆုရရှိသူ ဝန်ထမ်းအား
ဆုပေးအပ်ချီးမြှင့်နေစဉ်



ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ပြည်နယ်လွှတ်တော်ရုံး
ဝန်ထမ်းများအား ကံစမ်းမဲချီးမြှင့်ရန်အတွက် မဲနှိုက်ပေးနေစဉ်



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်လွှတ်တော်ရုံး
ဝန်ထမ်းများအား ကံစမ်းမဲချီးမြှင့်ရန်အတွက် မဲနှိုက်ပေးနေစဉ်

အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ် တေးဂီတအဖွဲ့မှ တေးသံသာများဖြင့် ဖြေဖျော်ခြင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများက



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကံစမ်းမဲ ပထမဆုရရှိသူ
ဝန်ထမ်းအား ဆုပေးအပ်ချီးမြှင့်နေစဉ်



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမဆုဆုရရှိသူ
ဗိုလ်မှူးစိုးသူထွန်းအား ဆုပေးအပ်ချီးမြှင့်နေစဉ်



ပြည်နယ်ဝန်ကြီးချုပ်မှ ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယဆုရရှိသူ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းအား ဆုချီးမြှင့်နေစဉ်



တောင်ကြီးတက္ကသိုလ်တေးဂီတအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ချီးမြှင့်နေစဉ်

ဂုဏ်ပြုတေးသံသာများဖြင့် အသီးသီးဖြေဖျော်ကြပါသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ အမှတ်တရလက်ဆောင် ပစ္စည်း(၇)မျိုးအား ကံစမ်းမဲဖောက် ပေးခဲ့ကြပါသည်။

ဆက်လက်ပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နှစ်ပတ်လည် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုတေးသံသာများဖြင့် ဖြေဖျော်ပေးသော တောင်ကြီးတက္ကသိုလ်တေးဂီတအဖွဲ့အား အမှတ်တရပန်းခြင်းများ ပေးအပ်ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ်၊ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများ ပထမဆုရရှိ

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ်၊ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားအား (၉-၂-၂၀၁၇)ရက်နေ့တွင် တောင်ကြီးမြို့ရှိ အဝေရာကုန်းသာယာကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်မှ ပြိုင်ပွဲအဖွင့်အမှာစကား ပြောကြားခြင်းနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ ပြိုင်ပွဲအား ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊




မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ပထမဆုရ ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများ စုပေါင်းဓာတ်ပုံရိုက်ကူးနေစဉ်




ပြည်နယ်ဝန်ကြီးချုပ်မှ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ပထမဆုအား ပေးအပ်ချီးမြှင့်နေစဉ်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်ရင်းတပ်ဖွဲ့များ၊ တောင်ကြီးမြို့နယ်ရှိ ရပ်ကွက်များမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ်၊ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအား နှစ်သိမ့်ဆုများ အပါဝင် ဆုပေါင်း(၂၀)ဆု ပေးအပ် ချီးမြှင့်ခဲ့ပြီး ပထမဆုကို ရှမ်းပြည်နယ်လွှတ်တော်ရုံး ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်သောအဖွဲ့မှ ရရှိခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်ရုံး (၄)ခန်းတွဲ (၄)ထပ် အဆောက်အဦသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်




ရှမ်းပြည်နယ်လွှတ်တော်ရုံး (၄)ခန်းတွဲ (၄)ထပ် အဆောက်အဦသစ် တည်ဆောက်မည့် မြေနေရာတွင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားအား (၁၂. ၁. ၂၀၁၇) ရက် ကြာသပတေးနေ့ (၀၈၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းအိမ်ရာ အဆောက်အဦသစ် ဆောက်လုပ်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၏ မင်္ဂလာအချိန်တွင် ပန္နက်အသီးသီး၏ ပန္နက်တိုင်များအား တာဝန်ရှိပုဂ္ဂိုလ်များမှ စိုက်ထူပေးကြပါသည်။ ထို့နောက် အမွှေးနံ့သာများ ပက်ဖျန်းပေးခြင်းနှင့် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး၊ ငွေမိုးရွာသွန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု သတင်းမှတ်တမ်းများ

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Wang Zong Yingနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Wang Zong Ying ဦးဆောင်သော အဖွဲ့ဝင်(၃)ဦးအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့၊ ညနေ (၁၇း၀၀) နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲသို့ တက်ရောက်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးစဝ်အောင်မြတ်သည် (၁၆-၂-၂၀၁၇) ရက်နေ့တွင် ဟိုပုံးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။



## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်နေ့ အခမ်းအနားတက်ရောက်၍ အားကစားဆိုင်ရာ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၇-၂-၂၀၁၇)ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ကျောက်တိုင်အားကစားကွင်းတွင် ကျင်းပသော ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်၍ ရှမ်းပြည်နယ် အတွင်းရှိ အားကစားဆိုင်ရာ ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော် အတွေ့အကြုံများ ရှင်းလင်းခြင်းဆောင်ရွက်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးစဝ်အောင်မြတ်သည် (၂၃-၁-၂၀၁၇)ရက်နေ့တွင် ရွာငံမြို့နယ်၊ ဗထူးခန်းမ၌ ရွာငံမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများ၏ တင်ပြမှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ်နေ့ အခမ်းအနားတက်ရောက်၍ အားကစား ဆိုင်ရာ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးစဝ်အောင်မြတ်သည် (၇-၂-၂၀၁၇)ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ကျောက်တိုင်အားကစားကွင်းတွင် ကျင်းပသော ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်၍ ရှမ်းပြည်နယ် အတွင်းရှိ အားကစားဆိုင်ရာ ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။




## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် (၂၇-၁၂-၂၀၁၆)ရက်နေ့တွင် ဒေသဦးစီးဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော လောက်ကိုင်ခရိုင်၊ မြို့အဝင်ဂိတ်- အနောက်ခြမ်း(၂/၄)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် လောက်ကိုင်-ထင်ပါကျိုင်းလမ်း(၁/၆)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပါသည်။



## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် နောင်တရားမြို့တွင် ကျင်းပသော တောင်ရိုးအမျိုးသားနေ့ အခမ်းအနားတက်ရောက်



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးစဝ်အောင်မြတ်သည် (၂၈. ၂. ၂၀၁၇)ရက်နေ့တွင် နောင်တရားမြို့၊ နောင်မူကျေးရွာအုပ်စုတွင် ကျင်းပြုလုပ်သော အဌမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ အခမ်းအနား အား တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း နောင်ဟိုင်ကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းသည် (၆-၂-၂၀၁၇) ရက်နေ့တွင် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့နယ်၊ နောင်ဟိုင်ကျေးရွာသို့ သွားရောက်၍ ကျေးရွာ၏ တာဝန်ခံများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များ မေးမြန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း ဘိန်းအစားထိုး စိုက်ပျိုးခြင်း ဟောပြောပွဲနှင့် စိုက်ပျိုး ဆောင်ရွက်နေမှုများအား ကြည့်ရှုခြင်းများ ဆောင်ရွက်



ပင်လောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်းသည် (၂၃-၂-၂၀၁၇) ရက်နေ့တွင် အဖွဲ့ဝင်များနှင့်အတူ ပင်ခင်ကျေးရွာအုပ်စု၊ ပင်စုံကျေးရွာသို့ သွားရောက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဘိန်းအစားထိုးစိုက်ပျိုးခြင်း ဟောပြောပွဲ ပြုလုပ်ခြင်းနှင့် ဘိန်းအစားထိုး စိုက်ပျိုးခင်းများအား ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ရွှေသံလွင်ကုမ္ပဏီမှ သိမ်းဆည်းထားသော မြေများအား ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးသည် (၇-၂-၂၀၁၇) ရက်နေ့တွင် ဌာနဆိုင်ရာများ၊ အဖွဲ့ဝင်များနှင့်အတူ ရွာငံမြို့နယ်အတွင်း ရွှေသံလွင်ကုမ္ပဏီမှ သိမ်းဆည်းထားသော မြေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များအား ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်

နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေသည် (၂၀-၂-၂၀၁၇) ရက်နေ့တွင် အဖွဲ့ဝင်များနှင့်အတူ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကာ ပြည်သူများမှ တင်ပြလာသော လိုအပ်ချက်များအပေါ် ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၌ ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်

ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်သည် (၁၂-၂-၂၀၁၇) ရက်နေ့တွင် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၌ ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနားသို့ မုန်းဝန်းဗမာယဉ်ကျေးမှု တိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။



## ပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တင်ပြစာများအား ကွင်းဆင်းစိစစ်ခြင်း ဆောင်ရွက်

ပြည်နယ်လွှတ်တော် **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ** ဥက္ကဋ္ဌ၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဦးဆောင်သော ကော်မတီဝင်များသည် ကော်မတီသို့ တင်ပြလာသော တင်ပြစာ အမှုတွဲများအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ရေးအတွက် ကွင်းဆင်း၍ စိစစ်လေ့လာခြင်း ဆောင်ရွက်ခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာအတွင်း မြေပြိုမှုအား ကွင်းဆင်းစစ်ဆေး

နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်သည် (၁၉-၁-၂၀၁၇) ရက်နေ့တွင် ဌာနဆိုင်ရာများ၊ အဖွဲ့ဝင်များနှင့်အတူ နမ့်ခမ်းမြို့နယ်၊ နမ့်ဆရီးကျေးရွာအုပ်စု၊ နမ့်ဆရီးကျေးရွာအတွင်း မြေပြိုမှုအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။



## ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တင်ပြစာများအား ကွင်းဆင်းစိစစ်ခြင်း ဆောင်ရွက်



ပြည်နယ်လွှတ်တော် **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**ဥက္ကဋ္ဌ ၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဦးဆောင်သော ကော်မတီဝင်များသည် တောင်ကြီးမြို့နယ်နှင့် ကလောမြို့နယ်အတွင်းရှိ ဓနုလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စာပေယဉ်ကျေးမှုနှင့် ဘာသာဓလေ့ထုံးတမ်းများအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ရေးအတွက် ကွင်းဆင်း၍ စိစစ်လေ့လာခြင်း ဆောင်ရွက်ခဲ့ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)**

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

ထုတ်ဝေသူ – ဦးစစ်ငြိမ်းအေး (ပ /၅၁၆၈ )၊ ဦးစီးအရာရှိ၊ ဌာနခွဲ (၆)၊ဌာနစု (၁၅/၁၆)၊ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ(၃၀၀)